# တပည့်တော်စစ်စစ် ဖြစ်ဖို့ အဟန့်အတားများ




ခရစ်တော်နောက်သို့လိုက်သည့်
တပည့်တော်တိုင်း နောက်ကြောင်းပြန်လှည့်စရာ အကြောင်း
အမျိုးမျိုး ကြုံတွေ့ရတတ်သည်။ လောက အခွင့်
အရေးများပေါ်လာနိုင်သည်။
မိမိကိုယ်ကို ငြင်းပယ်ခြင်းအား ပြန်လည်ရယူရန် သွေးဆောင်သည့်
ဝိညာဉ်ဆိုးများလည်း ကြုံတွေ့နိုင်သည်။ ထို အနှောင့် အယှက် ပရောဂဘေးမှ
ကွယ်ကာ ထူမပေးမည့် ကောင်းကင် တမန် (၁၂) ပါးက
အဆင်သင့် စောင့်နေပါသည်။

ခရစ်တော်၏ အသံထက် ယုံမှားစရာ အခြားခေါ်သံကို ဦးစားပေးသော
တပည့် တော်လောင်း (၃) ယောက် အကြောင်းကို ဥပမာ ပြချင်ပါသည်။

"လမ်းသွားကြစဉ် လူတစ်ဦးက၊ သခင် ကိုယ်တော် ကြွတော်မူရာ အရပ်ရပ်သို့ အကျွန်ုပ်လိုက်ပါမည် ဟု လျှောက်လေ၏၊ ယေရှုကလည်း၊ မြေခွေးသည် မြေတွင်းရှိ၏။ မိုးကောင်းကင်၌ ကျင်လည်သော ငှက်သည် နားနေရာ အရပ်ရှိ၏။ လူသားမူကား ခေါင်းချရာမျှ မရှိဟု မိန့်တော်မူ၏။ အခြားသောသူကို ငါ့နောက်သို့ လိုက်လော့ဟု မိန့်တော်မူလျှင် ထိုသူက၊ သခင် အကျွန်ုပ်အဘကို ရှေးဦးစွာသွား၍ သင်္ဂြိုလ် ရသော အခွင့်ကို ပေးတော်မူပါ ဟုလျှောက်လေသော် လူသေတို့သည် မိမိလူသေတို့ကို သင်္ဂြိုလ်ပါလေစေ၊ သင်မူကားသွား၍ ဘုရားသခင့် နိုင်ငံတော်၏ အကြောင်းကို ဟောပြောလော့ဟု မိန့်တော်မူ၏။ အခြားသောသူကလည်း သခင် ကိုယ်တော်နောက်သို့ အကျွန်ုပ်လိုက်ပါမည်၊ သို့သော်လည်း အကျွန်ုပ်အိမ်၌ ရှိရစ်သော သူတို့ကို အရင်သွား၍ အခွင့်ပန်ပါရစေ ဟုလျှောက်လျှင် ယေရှုက ထွန်ကိုင်းကို ကိုင်လျက် နောက်သို့ လှည့်၍ ကြည့်သောသူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်တန် ဟု မိန့်တော်မူ၏" (လု ၉း၅၇-၆၂)။

အထက်ဖော်ပြသော တပည့်တော်လောင်း (၃) ဦးတို့သည် သခင်ယေရှုနှင့် ထိပ်တိုက်တွေ့ဆုံကြသည်။ ခရစ်တော်နောက်သို့ လိုက်ရန်ခေါ်သည်။ သို့သော် ခရစ်တော်နောက်သို့ ချက်ချင်းမလိုက်ဘဲ သဝေထိုးနေကြသည်။

## ကိုပြာလောင်

ပထမလူကို ကိုပြာလောင်ဟု နာမည်ပေးကြပါစို့။ သူသည် ရှည်ရှည်ဝေးဝေး မျှော်တွေးသူမဟုတ်။ ခရစ်တော်ကို တွေ့သည်နှင့် ချက်ချင်းလိုက်ဖို့ ပြင်ဆင်သည်။ "သခင် ဘယ်သွားသွား၊ လိုက်မှာဘဲ" ဟုဆိုသည်။ ပင်ပန်းဆင်းရဲ မည်ဟု မထင်။ ထမ်းရမည့် ကားတိုင်လည်း လေးမည်ဟု မထင်။ ဘဝခရီးလမ်းလည်း ကြမ်းတမ်းမည် ဟု မထင်။ ပေါ့ပေါ့သာတွေးသည်။

သို့သော် သခင်ခရစ်တော်၏ စကားကြားရသောအခါ မှန်းချက်နှင့် နမ်းထွက် တက်တက်စင် လွဲသည်။ ခရစ်တော်၏ "မြေခွေးမှာ တွင်းရှိသည်၊ ငှက်မှာ ခိုနားစရာ အသိုက်ရှိသည်။ လူသားတွင် ခေါင်းချစရာမရှိ" ဆိုစကားသည် "ငါ့နောက်သို့ တကောက်ကောက် လိုက်ချင်တယ်လို့ ပြောတယ်၊ စည်းစိမ် မရှိသဖြင့် တကယ်လိုက်နိုင်ပါ့ မလား၊ မြေခွေးမှာ အောင်းစရာ မြေတွင်း၊ ငှက်မှာ ခိုနားစရာ အသိုက် ရှိကြသော်လည်း ငါဖန်ဆင်း ထားတဲ့ ဒီကမ္ဘာမြေပေါ်မှာ ငါ့အတွက် အိမ်ယာ မရှိဘူး၊ အိမ်မဲ့ယာမဲ့ ဘဝကို လိုက်နိုင်မည်လား" ဟုပြောနေခြင်းဖြစ်သည်။

ကိုပြာလောင် မစွန့်လွှတ်နိုင်ပါ။ အဘယ်ကြောင့် ဆိုသော် သူ့နာမည် ကျမ်းစာတွင် ထပ်မတွေ့တော့ပါ။ ခရစ်တော်ထက် လောက အရာကို ပိုမိုနှစ်ခြိုက်သူ ဖြစ်သည်။

## ကိုပက်ကျိ

ဒုတိယလူကို ကိုပက်ကျိ ဟုခေါ်ကြပါစို့။ သူသည် ပထမလူကဲ့သို့ ရုပ်ပြာရုပ်ပြာ နှင့် နောက်တော်လိုက်ဖို့ ပြင်ဆင်သူ မဟုတ်ပါ။ ခရစ်တော်က ဆင့်ခေါ်ခြင်း ဖြစ်သည်။ ထိုသူသည် ခရစ်တော်၏ စကားအား စတိပြတ် မငြင်းပါ။ ခရစ်တော်အား လုံးဝစိတ်မဝင်စားခြင်း လည်းမဟုတ်ပါ။ နောက်တော်သို့ လိုက်ရန်ထက် လတ်တလော အရေးကြီးကိစ္စရှိသည်။ ထိုအရာကို ဦးစားပေးခြင်း သည် မဟာ အမှားတော်ပုံဖြစ်သည်။ သူ့အဖြေစကားကို ကြည့်ရအောင်။ "သခင်၊ အကျွန်ုပ် အဘကို ရှေးဦးစွာ သွား၍ သင်္ဂြိုလ်ရသော အခွင့်ကို ပေးတော်မူပါ" ဟုဆိုသည်။

သားတစ်ယောက်အနေဖြင့် မိဘအပေါ်မှာ ပြုရမည့် ဝတ္တရားရှိသည်မှာ မှန်ကန်ပါသည်။ သေဆုံးသွားသော ဖခင်အားကောင်းမွန်စွာ သင်္ဂြိုလ်ခြင်းသည် ခရစ်ယာန်ယုံကြည်ချက်နှင့် ကိုက်ညီပါသည်။

သို့သော် လူမှုရေး၊ ယဉ်ကျေးမှုများကို ခရစ်တော်ထက် ဦးစားပေးလျှင် မှားပါသည်။ ဤလူ၏ ရည်မှန်းချက်သည် "သခင်၊ အကျွန်ုပ်အဘကို ရှေးဦးစွာ" ဟူသော စကားတွင် ပေါ်လွင်ထင်ရှားနေပါသည်။ တကယ်တွင်မူ သူ့ကိုယ်သူအား ပထမနေရာတွင် ထားရှိပြီး၊ ထိုအချက်ကို အခြားအကြောင်းပြချက်များဖြင့် ဖုံးကွယ်ခြင်းသာဖြစ်သည်။ အကယ်၍ ခရစ်တော်ကို ဦးထိပ်ထားလျှင် အရင်ချဉ်းကပ်ရမည်။ "ငါ၏" ဟူသော ဇာတိစိတ်ရှိနေပါက ခရစ်တော်အုပ်စိုး၍ မရနိုင်ပါ။

ကိုပက်ကျိတွင် လုပ်လက်စ အလုပ် အစသတ်ရန် ရှိသဖြင့် ဦးစားပေးလိုက်သည်။ ထို့ကြောင့် ခရစ်တော်က "လူသေတို့သည် မိမိ လူသေတို့ကို သင်္ဂြိုလ်ပါလေစေ၊ သင်မူကား သွား၍ ဘုရားသခင် နိုင်ငံတော်၏ အကြောင်းကို ဟောပြောလော့" ဟု ဆိုသည်။ အထူး သင့်လျော် ပါပေသည်။ လောက အမှုများတွင် ယုံကြည်သူဖြစ်စေ၊ လုပ်နိုင်သော အမှုအရာ များစွာရှိသည်။ လူတိုင်း လုပ်ဆောင်နိုင်သော အမှုအရာများအတွက် ယုံကြည်သူများ၏ အဖိုးတန် အချိန်ကာလကို မဖြုန်းတီးသင့်ပါ။ ယုံကြည်သူများသည် အမှုတော် လုပ်ငန်းတွင် အရေးပါ အရာရောက်သူများ ဖြစ်သည်။ "သင့် အသက်တာကို ငါ၏ အမှုတော်အတွက် အဓိက သုံးပါ" ဟု ဆိုလိုခြင်း ဖြစ်သည်။

ကိုပက်ကျိ ပေးဆပ်ရမည့် အဖိုးအခသည် ကြီးမားလွန်းသည်ဟု ထင်ပါသည်။ သူ့အကြောင်းကို သမ္မာကျမ်းစာတွင် တဖန် မတွေ့ရတော့ပါ။ ကိုပြာလောင် အား တားဆီးသော အရာမှာ လောက စည်းစိမ် ဖြစ်သည်။ ကိုပက်ကျိကို တားဆီးသော အရာမှာ ခရစ်တော် အမှုထက် မိသားစု အရေးဦးစားပေးခြင်းဖြစ်သည်။ လေကီ အလုပ် လုပ်ခြင်းသည် မှားယွင်းသော အရာ မဟုတ်ပါ။ လူသည် မိမိနှင့် မိသားစု စားဝတ်နေရေး အတွက် အလုပ် လုပ်ရန် ဘုရားသခင် အလိုတော် ရှိပါသည်။ သို့သော် တပည့်တော် စစ်စစ် ဖြစ်ရန်မှာ နိုင်ငံတော်နှင့် ဖြောင့်မတ်ခြင်း တရားကို ဦးစားပေးရမည်။ မယုံကြည်သူများများ လုပ်နိုင်သော နေရာတွင် ဝင်ရောက် အချိန်ဖြုန်းစရာ မလိုပါ။ အလုပ် လုပ်ခြင်းဖြင့် ဘဝအသက်တာ ကုန်လွန်စေသည်မှာ မှန်ပါသည်။ သို့သော် လက်ငင်းဘဝ လိုအပ်ချက် များကိုသာ ဖြေရှင်းရန် ဖြစ်သည်။ အဓိကမှာ ဘုရားသခင်၏ နိုင်ငံတော် အကြောင်းဖြစ်ရမည်။

## ကိုနောက်ဆံ

တတိယလူကို ဆိုကြပါစို့။ သူသည် ပထမ လူကဲ့သို့ပင် မိမိ သဘောဆန္ဒအတိုင်း ခရစ်တော်နောက် လိုက်ချင်သူ ဖြစ်သည်။ သို့သော်လည်း "သခင်၊ ကိုယ်တော် နောက်သို့ အကျွန်ုပ်လိုက်ပါမည်။ သို့သော်လည်း အကျွန်ုပ် အိမ်၌ ရှိရစ်သော သူတို့ကို အရင်သွား၍ ခွင့်ပန်ပါရစေ" ဟု ဆိုသောကြောင့် ဒုတိယလူ နှင့် တူပြန်သည်။ ခရစ်တော်ထက် အိမ်သားများကို နောက်ဆံတင်းနေသည်။

သူ့စကားကို ကြည့်လျှင် မမှားပါ။ အိမ်ထောင် မိသားစုအား ဂရုစိုက်ခြင်း၊ အိမ်ထောင် မိသားစုများအား နှုတ်ဆက်ခြင်းသည် အလိုတော်နှင့် မဆန့်ကျင်ပါ။ ထိုသို့ဆိုလျှင် ဘယ်နေရာမှား သနည်း။ "ခရစ်တော်ထက် မိသားစုကို သံယောဇဉ် ဖွဲ့နှောင်တွယ်တာ ခြင်း"
ဖြစ်သည်။

ခရစ်တော်က ထိုသူ၏ အတွင်း မနောကို ထိုးဖောက် တွေ့မြင်သောကြောင့် "ထွန်ကိုင်းကို ကိုင်လျက် နောက်သို့ လှည့်၍ ကြည့်သောသူ မည်သည်ကား ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်တန်" ဟု မိန့် တော်မူသည်။ တနည်းအားဖြင့် ဆိုလျှင် "ငါ တပည့်တော် များသည် ကိုယ့်ကိုယ်ကို အာရုံစိုက် တတ်သော လူစားမျိုး၊ ချီတုံချတုံ ပျော့ညံ့သော လူစားမျိုး၊ မဟုတ်ပါ။ မိသားစု သံယောဇဉ်ထက် ငါ့ကို ဦးစားပေးတဲ့လူ များသာ ဖြစ်သည်" ဟု ဆိုရာ ရောက်ပါသည်။

ထို ကိုနောက်ဆံသည် ခရစ်တော်ကို ချစ်ပါလျက်နှင့် မိသားစု နောက်ဆံတင်းရာသို့ ပါသွားပုံ ရသည်။ ခရစ်တော်၏ တပည့်တော် ဖြစ်ချင်စိတ်သည် မိသားစု သံယောဇဉ် တူက ထုချေသွားပါသည်။ မိခင်ဖြစ်သူက "သားလေးရယ်၊ သာသနာပြုဖို့ အမေ့ကို ထားပစ်ခဲ့မှာလား" ဟု ပြောလေရော့သလား။ ထိုလူသားမျိုးကို သမ္မာကျမ်းစာက အမည် နာမပင် မှတ်တမ်း မတင်ဘဲ ဘုရားသခင်၏ နိုင်ငံတော်နှင့် မထိုက်တန်သူ ဟု ဆိုသည်။ သံယောဇဉ် နောက်ဆံတင်းမှုကြောင့် တပည့်တော် ဖြစ်ရခြင်း အခွင့်အရေးထူးကြီး လက်လွှတ် ဆုံးရှုံး ရပါပြီ။

## အကျဉ်းချုပ်

အထက် ဖော်ပြပါ ဇတ်လမ်း များကို ကြည့်ခြင်းဖြင့် တပည့်တော် စစ်စစ်ဖြစ်ရန် အတားအဆီး (၃) ခုကို တွေ့ရသည်။

- ကိုပြာလောင် – လောကစည်းစိမ်၌ မွေ့လျော်ခြင်း
- ကိုပက်ကျိ – အသက်မွေးဝမ်းကျောင်းကို ဦးစားပေးခြင်း
- ကိုနောက်ဆံ – မိသားစု သံယောဇဉ် ဖွဲ့နှောင်ခြင်း

သခင်ယေရှုသည် ယခင်က နောက်တော် လိုက်မည့်သူများ ခေါ်သကဲ့သို့ ယခုကာလတွင်လည်း ခေါ်နေပါသည်။ ထိုခေါ်သံကို တုန့်ပြန် အဖြေပေးသူ နည်းနေသည်။ အသင် စာရှုသူ မည်သို့ အဖြေပေးမည်နည်း။

> ယေရှုသခင်၊ ငါ့လက်ဝါးကပ်တိုင်ကို ဆောင်ပေး
> ရှိသမျှစွန့်၍၊ နောက်တော်သို့ လိုက်အံ့။
> ဆင်းရဲကြပ်တည်း၊ မွဲတေ နံ့ချာလည်း
> ကိုယ်တော်သည် ငါ့ အတိုင်းသာ လက်ခံလျက်
> ပျက်စီးခြင်း မရောက်စေလို။
> ငါ့ဘဝ၊ ငါ့ အိမ်မက်၊ ငါ့ မြော်လင့်ချက်၊
> ကြွယ်ဝချမ်းသာ၊ ပြည့်စုံရာထိုအရပ်က၊
> ဘုရားရှင်တော်၊ ငါ့ကို မျှော်နေရှာ။
> လောကကြီးသည်၊ ငါ့သခင်အား ငြင်းပယ်လျက်၊
> ငါ့ကိုလည် ပစ်ပယ်ကြ၊
> လူ့အသိ လိမ္မာသည် မုသာ သုံးချ၊
> ကိုယ်တော်သို့နှယ် သမ္မာတရား မဟုတ်။
> ထိုအစဉ် မိုးမြင့်ယံမှ အနမ်းတပွင်၊
> အဘ ဉာဏ်တော်၊ မေတ္တာတော်နှင့် အားအင်၊
> လင်းလက်ရှုမြင် သာယာလိုက်ရ။
> လောကသားတို့ မိတ်ဖွဲ့ရန် တွေ့ကြပေမင့်။

H.F. Lyte

မှတ်ချက်။ ။ William McDonald ရေးပြီး ဆွီးဆွီးကျော် ဘာသာပြန်ထားသော "တပည့်တော်စစ်စစ်" စာ အုပ်မှ ပြန်လည် ကူးယူ တင်ပြထားပါသည်။